
# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

ကျွန်တော်ကျောင်းဆရာဖြစ်လို့ ကန်တော့ခဲ့စဉ်တုန်းက ရယ်ရမလိုငိုရမလိုနဲ့ ပီတိဖြစ်နေတဲ့အဖေ့ရဲ့ ဝမ်းသာမျက်ဝန်းတွေ။ ဘဝလမ်းခရီးတစ်ဝက်မှာ အမေတိမ်းပါးခဲ့ပေမယ့် အိမ်ထောင်ရေးတစ်ခြမ်းပဲ့ဘဝနဲ့ သားသမီးခြောက်ယောက်ကို လက်ဆွဲပြီး ခါးတောင်းကျိုက်မဖြုတ်ဘဲ လောကဓံကိုရင်ဆိုင်ခဲ့တဲ့ အဖေ။ ရွှေတောင်ကြီးအဖေ။ ဒီအဖေ ခုအသည်းအသန်ဖြစ်နေလို့တဲ့လေ။ ရွှေတောင်ကြီးပြိုတော့မှာလားအဖေရယ်။ အဖေ့ရဲ့နောက်ဆုံးထွက်သက်သော်လည်း သားမီချင်လိုက်တာ၊ မသေခင် ငါ့သားကြီးကို မြင်ချင်လိုက်တာလို့ အဖေ မပီမသပြောနေတယ်တဲ့လား။

(၂၆.၄.၂၀၀၄)နေ့ နံနက် ၅ နာရီမှာတော့ ရဲအောင်လံအမြန်ယာဉ်သည် တောင်ကုတ်မြို့ "အေးရိပ်ငြိမ်အဝေးပြေးယာဉ်ရပ်နားစခန်း"တွင်းသို့ ထိုးဝင်လိုက်သည်။ ကားထဲတွင် ညလုံးပေါက် ပိတ်လှောင်အကျဉ်းချထားခြင်းခံခဲ့ကြရသော ခရီးသည်များ ဝေါခနဲထွက်ကျလာကြ၏။ ခရီးပင်ပန်းမှုဒဏ်ကြောင့် တစ်ကိုယ်လုံးနွမ်းနယ်နေသော်လည်း အဖေနှင့်တွေ့လိုသည့် စေတသိက်က တွန်းအားပေးနေသည်။

"မလိခရှိတယ်၊ ထော်လာဂျီယူမလား"

"ဆိုင်ကယ်ယူမလား၊ အမြန်ရမယ်"

"ဆိုက်ကားယူကြမလား"

အသံများ ဆူဆူညံညံနားထဲသို့ဝင်လာကြသည်။ ယနေ့ည ရခိုင်ရိုးမကိုဖြတ်ကျော်လာကြသော Express ယာဉ်က ၁၀ စီးအောက် လျော့မည်မဟုတ်။ မလိခသင်္ဘောကတစ်စီးတည်း။ ခရီးသည်နှင့်သင်္ဘောမည်သို့မျှ ဆံ့နိုင်ဖွယ်ရာမရှိ။ တဒင်္ဂစေ့ဆော်မှု အသိကလေးကြောင့် မလိခသင်္ဘောဆိပ်သို့ အမြန်ဆုံးရောက်မည့် ဆိုင်ကယ်ကို ကျွန်တော်ရွေးချယ်လိုက်သည်။ ဆိုင်ကယ်မောင်းသည့်လူငယ်သည် ကျွန်တော့်ကိုတင်ဆောင်ပြီး မလိခသင်္ဘောဆိပ်သို့ မောင်းနှင်လာခဲ့သည်။ မြို့နှင့်တော်တော်လှမ်းသည်။ ကျွန်တော် သင်္ဘောဆိပ်သို့ရောက်သည့်အချိန်တွင် ခရီးသည် များများစားစား မရှိသေး။ ဆိုင်ကယ်ခရှင်းပေးပြီး လက်မှတ်အရောင်းကောင်တာဘက်သို့ ခပ်သွက်သွက်လျှောက်လာခဲ့၏။ ကောင်တာတွင် စစ်တွေ၊ ကျောက်ဖြူခွဲပြီးလက်မှတ်ရောင်းချသည့် အနေအထားမျိုးတွေ့ရသည်။ ကျောက်ဖြူဟုရေးထားသည့်အပေါက်ဝတွင် ကျွန်တော့်နိုင်ငံသားစိစစ်ရေးကတ်ကို ထပ်တင်ထားလိုက်၏။ ကျွန်တော့်ထက် ဦးအောင်တင်ထားသူသုံးဦးရှိကြောင်း တွေ့လိုက်ရသည်။

စစ်တွေဘက်အပေါက်ဝတွင်တော့ နိုင်ငံသားစိစစ်ရေးကတ်တွေ အတော်များနေပေပြီ။ သို့သော် စစ်တွေခရီးစဉ်မှာ မိမိနှင့် မည်သို့မျှမသက်ဆိုင်။ မလိခရေယာဉ်တွင် ခရီးသည် ၁၃၅ ဦးအထိ ထိုင်ခုံရနိုင်သည်ဟုသိရသည်။ မတတ်သာအဆုံး ကျောက်ဖြူခရီးစဉ်အတွက် ငါးယောက်မျှ နေရာရလျှင်ပင် ကျွန်တော့်မှာ ပါပြီးသားမို့ စိတ်ချနေလိုက်သည်။ ကျွန်တော့်မှာ ယခုမှ မျက်နှာမသစ်ရသေးကြောင်း သတိထားမိလိုက်သည်။ သို့သော် မလိခဆိပ်ကမ်းတွင် မျက်နှာသစ်စရာရေသော်လည်းကောင်း၊ ရေသန့်ဘူးသော်လည်းကောင်းမလွယ်ကူပေ။ တစ်ညလုံး ဖုန်များ၊ ချွေးစေးများပေကျံပြီး အဆီပြန်နေသောမျက်နှာကို လက်ကိုင်ပဝါလေးဖြင့် ပွတ်သုတ်လိုက်ကာ မျက်နှာသစ်ခြင်းလုပ်ငန်းကို ပြီးမြောက်စေခဲ့ရသည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ထော်လာဂျီများ၊ ဆိုင်ကယ်များ၊ ဆိုက်ကားများ၊ ခရီးသည်များ အူယားဖားယားရောက်လာကြသည်။ လက်မှတ်ရောင်းရုံ၏ အမိုးအောက်တွင် ခရီးသည်များ ပြည့်ကျပ်သွားသည်။ နိုင်ငံသားစိစစ်ရေးကတ်များကိုလည်း အလျှိုလျှိုသွားတင်လိုက်ကြသည်ကို တွေ့လိုက်ရသည်။

နံနက် ၇ နာရီတိတိတွင် လက်မှတ်ရောင်းတာဝန်ခံဖြစ်ဟန်တူသူလူငယ်နှစ်ယောက် ကောင်တာအတွင်းသို့ ဝင်သွားပြီး တံခါးကိုအတွင်းဘက်မှ ဂျက်ထိုးထားလိုက်ကြ၏။ ခရီးသည်များလည်း အပြင်ဘက်မှာ တိုးဝှေ့စုပြုံလာကြသည်။ ကျွန်တော့်မှာ လူအုပ်ကြီးကို ကြည့်ပြီး ရင်ခုန်စည်းချက်မြင့်တက်သလိုဖြစ်သွားသည်။

"ငါ့အတွက် လက်မှတ်တစ်စောင် ရမှရပ့ါမလား"

ဟု စိုးရိမ်စိတ်ကလေးသည် နှလုံးအိမ်ကို လာဆောင့်သည်။ သို့သော် နိုင်ငံသားစိစစ်ရေးကတ်ကို ပြောင်းပြန်လှန်လိုက်လျှင် ကျွန်တော့်ကတ်မှာ အမှတ်စဉ်(၄)တွင် နေရာယူပြီးသားမို့ စိတ်ဖြေသာမှုလေးကို ပြန်လည်ရယူလိုက်ပြန်သည်။

ဟော...လက်မှတ်များ စတင်ရောင်းချနေပေပြီ။ လက်မှတ်ကိုယ်စီကိုင်ပြီး ခရီးသည်တချို့ အပြုံးမျက်နှာများနှင့် လှည့်ပြန်ထွက်လာကြ၏။ လက်မှတ်တော်တော်လေးရောင်းပြီးသွားပြီ။ သို့သော် ကျွန်တော့်အလှည့်ကား ရောက်မလာသေး။

"မောင်မောင်ရေ"

ဆိုက်ကားပေါ်က အခုမှဆင်းလာသော အမျိုးသမီးတစ်ဦး လက်မှတ်ရောင်းသူကို ခေါ်လိုက်ဟန်တူသည်။ အမျိုးသမီးက လူအုပ်ကိုတိုးဝှေ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ကို ထိုးပေးလိုက်၏။ ချက်ချင်းပါပဲ အမျိုးသမီးမှာ မလိခယာဉ်စီးလက်မှတ်ကို ကိုင်ပြီး ပြုံးပြုံးရွှင်ရွှင်ပြန်ထွက်လာ၏။ "ဟယ် . . . တယ်ဟုတ်တဲ့ အမျိုးသမီးပါလား" ကျွန်တော့်မှာ အမျိုးသမီးကို အထူးအဆန်းသတ္တဝါတစ်ကောင်လို စိုက်ကြည့်နေမိသည်။

"ကိုကိုရေ"

ဟော...လာပြန်ပြီတစ်ယောက်။ နိုင်ငံသားစိစစ်ရေးကတ်ကို အိတ်လေးကထုတ်ပြီး ကမ်းပေးလိုက်၏။ ရသွားပြန်ပြီတစ်ယောက်။ သင်္ဘောစီးလက်မှတ်ကို ကိုင်ပြီး သူမ လှည့်ပြန်ထွက်လာ၏။

"ကိုမောင်မောင်ရေ"

ရော်...ခက်ပြီ။ အမျိုးသမီး ခပ်ချောချောတစ်ယောက် စလင်းဘတ်ထဲက နိုင်ငံသားစိစစ်ရေးကတ်ကို ဖျတ်ခနဲဆွဲနုတ်ပြီး လှမ်းပေးလိုက်၏။ ကျွန်တော့်မှာ ဘုန်းကြီးဆွမ်းဘုဉ်းပေးနေတုန်းကြောင်လေးမျှော်နေသလိုမျိုး သူတို့၏လှုပ်ရှားမှုကို လိုက်ကြည့်နေမိ၏။

"ဟော ... မိန်းမချောကလေး သင်္ဘောစီးလက်မှတ်လေးရသွားပြန်ပြီ"

စီနီယာနံပါတ်စဉ် (၄) ရရှိထားမှုကြောင့် ရင်ကော့နေသော မောင်မင်းကြီးသား ကျွန်တော်ကား သက်ပြင်းပူများကို ခပ်ပြင်းပြင်းမှုတ်ထုတ်နေရပေပြီ။ လက်မှတ်ရခရီးသည်များ ကောင်တာမှထွက်ခွာနေကြရာ ကောင်တာတွင် ခရီးသည်များပါးလျားစပြုနေပေပြီ။

"ဦးဘညွန့်"

ရေဒီယိုမှ ဆယ်တန်းအောင်စာရင်းကြေညာရာတွင် မိမိအမည်ကိုကြားလိုက်ရသော ကျောင်းသားလေးလို ဝမ်းသာလုံးဆို့ပြီး ကျွန်တော် ဖြုန်းခနဲထရပ်ပစ်လိုက်သည်။ ချက်ချင်းပဲ ၅၁၀၀ိ/- တည်းဟူသောအသပြာကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ကောင်တာရှေ့သို့တိုးသွားလိုက်၏။ ကျွန်တော် သင်္ဘောစီးလက်မှတ်ရတော့မည်။ တာဝန်ခံထံသို့ ငွေကိုထိုးသွင်းပေးလိုက်ရာ မလိခသင်္ဘောပုံပါသောလက်မှတ်တစ်စောင် ကျွန်တော့်လက်ထဲတွင် ညှပ်ပါလာသည်။ ပျော်လိုက်သည်မှာ ပြောစရာမရှိပြီ။ ကျွန်တော်သိပ်တွေ့ချင်နေသည့် အဖေနဲ့တွေ့ရတော့မည်။

"ထိုင်ခုံရခရီးသည်များဆင်းနိုင်ကြပါပြီ"

ဂိတ်ပေါက်စောင့်၏ အသံက ခရီးသည်များ၏ နားစည်မြွေးထဲသို့ ခပ်စာစာဝင်လာပါ၏။ ခရီးသည်များမှာ လက်မှတ်ကိုပြပြီး သင်္ဘောပေါ်သို့ သုတ်ခနဲသုတ်ခနဲဆင်းသွားကြသည်။ ကျွန်တော့်မှာ ခရီးသွားလွယ်အိတ်တစ်လုံးကို ပခုံးတွင်လွယ်ပြီး လက်နှစ်ဖက်စလုံးတွင် အဖေ့အတွက် စားစရာသောက်စရာများထည့်ထားသော ခြင်းတစ်လုံးနှင့် ဆွေမျိုးများအတွက် လက်ဆောင်ယူလာသောပစ္စည်းထုပ်တစ်ထုပ်။ ကျွန်တော့်အလှည့်အရောက်တွင် သင်္ဘောစီးလက်မှတ်ကို မအားနိုင်သည့်ကြားက လက်ကိုရှေ့သို့တိုးပြီး ကမ်းပေးလိုက်၏။ ကျွန်တော့်မျက်နှာကတော့ မှိုရမျက်နှာလိုဝင်းပနေပေ၏။ ကျွန်တော့်မှာ သင်္ဘောစီးလက်မှတ်ရတော့မည်ဖြစ်၍ ပင်ပန်းသည်ကိုပင် အမှုမထားနိုင်ဘဲ ကျေနပ်သလိုဖြစ်နေမိ၏။

"အစ်ကိုကြီးလက်မှတ်က ထိုင်ခုံမပါဘူးဗျ။ ဟိုနားသွားထိုင်နေလိုက်ပါ။ နောက်မှ နေရာလုပ်ပေးမယ်"

ဂိတ်ပေါက်စောင့်၏စကားကြောင့် ကျွန်တော့်ရင်တစ်ခုလုံး ပြင်းစွာတုန်လှုပ်မြင့်တက်သွား၏။ လက်မှတ်ကိုလည်း ခုမှကြည့်မိလိုက်သည်။ ဟုတ်ပါသည်။ ထိုင်ခုံအမှတ်ဆိုသောနေရာတွင် "ထိုင်ခုံမဲ့" ဟုရေးသားထားပါ၏။ တဒင်္ဂဖြစ်ပေါ်လာသောအခြေအနေကြောင့် ရှက်လည်းရှက် ဒေါသလည်းထွက်သွားသည်။ ပဟေဠိတွေ မိမိအာရုံထဲသို့ တစ်သီတစ်တန်းကြီးဝင်လာသည်။

မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်မှာ အမှတ်စဉ်(၄)တွင် ရှိနေပါလျက် အဘယ်ကြောင့် အချိန်အကြာကြီးကြာပြီးမှ လက်မှတ်ရလာရသနည်း။ ထပ်ထားသောနိုင်ငံသားစိစစ်ရေးကတ်များကို ဘယ်သူတွေများ ထက်အောက်ပြောင်းပြန်လုပ်ပစ်သနည်း။

"ကိုကိုရေ"

"ရှော့"

"မောင်မောင်ရေ"

"ရှော့" ဆိုတာတွေရော ဘာတွေလဲ။

ကျွန်တော့်လိုပဲ "ထိုင်ခုံမဲ့"ဟုရေးထားခံရသူများမှာ သင်္ဘောသို့ဆင်းခွင့်မရဘဲ ဆင်းလမ်းတစ်ဖက်တစ်ချက်တွင် စီတန်းရပ်နေကြရ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ဟသ်ာတမြို့နယ်၌ Grade 11 နှင့် Grade 12 သင် ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

ဟသ်ာတ ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော Grade 11 နှင့် Grade 12 သင် ဆရာ၊ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲကို ဒီဇင်ဘာလ ၉ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးတိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဟသ်ာတခရိုင်ဥပဒေအရာရှိ ဒေါ်မြကြေးဥက သင်တန်းတွင်ပို့ချမည့် ဥပဒေဘာသာရပ်ဆိုင်ရာသင်ခန်းစာများအကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးငွေ ငွေကျပ် ၁၀ သိန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက ခရိုင်ပညာရေးမှူး ဦးတိုးဝင်းထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းအမှတ်စဉ် (၂) သို့ ဟသ်ာတခရိုင်နှင့် မြန်အောင်ခရိုင်တို့မှ ဆရာ၊ ဆရာမ ၁၆၄ ဦးနှင့် ကိုယ်ပိုင်ကျောင်းများမှ တက်ရောက်လေ့လာသူလေးဦး စုစုပေါင်း ၁၆၈ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကာ ဥပဒေဘာသာရပ်ခုနစ်မျိုးတို့ကို ခရိုင်ဥပဒေအရာရှိများနှင့် ဒုတိယခရိုင်ဥပဒေအရာရှိများက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ဂုဏ်ထည်ဝင့်လျှံ မြန်မာ့သကြ်န်

* ယူနက်စကိုမှ၊ သတ်မှတ်ရသော
ကမ္ဘာ့အမွေအနှစ်သုံးမျိုးရှိ...။

* ကမ္ဘာ့အမွေအနှစ်၊ ဒြပ်ရှိဖြစ်၏
ရှေးခေတ်မြို့ပြ၊ ရှေးကနန်းတော်ရာ
ရှေးခါစေတီ၊ ရှေးတည်အဆောက်အအုံ
သတ်မှတ်ဂုဏ်ဖြင့်၊ ပြည့်စုံပါလျှင်၊ အမွေအနှစ်ဝင်၏...။

* မြန်မာအဖို့၊ ပျူသုံးမြို့တည့်
နှစ်လို့ဖွယ်ရာ၊ သရေခေတ္တရာနှင့်
ပန်ထွာကြီးစိုး၊ ဗိဿနိုးနှင့်
သုံးမျိုးခေတ်အတွင်း၊ မြို့ဟန်လင်းတို့
ဆက်သွင်းတင်ပြ၊ ရှေးဦးစွလျှင်
ကမ္ဘာ့အမွေအနှစ်၊ နံပါတ်တစ်တည့်
နှစ်နှစ်ကာကာ၊ ဝမ်းမြောက်ပါခဲ့
မြန်မာတို့အတွက် ဂုဏ်ယူမိ...။

* ဒုတိယအမွေအနှစ်၊ အားလုံးချစ်သော
ရှေးခေတ်ပုဂံ၊ တင့်ပေဟန်တည့်
နန်းစံအနော်ရထာ၊ မင်းမဟာအစ
ရာဇာငါးဆယ့်ငါး၊ ပူဇော်ထားခဲ့
ဘုရားပုထိုးများစွာ၊ ဗိသုကာနှင့်
မြေယာရှုခင်း၊ တင့်တယ်ခြင်းအပြင်၊ ရေသွင်းထုတ်ရန်
ရေစီမံစနစ်၊ ကျစ်လျစ်ကောင်းမွန်
သတ်မှတ်စံအရ၊ ပုဂံတစ်ခါ
စာရင်းပါပြန်၊ မြန်မာအားလုံးပျော်ကြ၏...။

* ဒုတိယအမျိုးအစား၊ မှတ်တမ်းများအမွေအနှစ်
စံအဖြစ်သတ်မှတ်ရာ၊ ဘာသာလေးမျိုး
ရေးထိုးခဲ့သည်၊ မြစေတီကျောက်စာ၊ မှတ်တမ်းပါခဲ့
ပုဂံမှာ ထင်ရှား၊ ဘုရားရွှေစည်းခုံ၊ ပရိဝုဏ်မှာ
ခေါင်းလောင်းစာကို၊ မွန်ဘာသာဖော်ဆောင်၊ ဘုရင့်နောင်မင်းတရား
လှူဒါန်းသွားရာ၊ မှတ်တမ်းများ အမွေအနှစ်
ထပ်မံဖြစ်လျက်၊ နှစ်နှစ်ကာကာ ဂုဏ်ယူမိ...။

* အမွေအနှစ်တတိယ၊ ရခဲ့ပြန်သေး၊ မန္တလေးက၊ ကမ္ဘာ့အကြီးဆုံးစာအုပ်၊
ဂုဏ်ပုဒ်အကျော်၊ ကုသိုလ်တော်ကျောက်စာ
ကြည်ညိုပါသည်၊ မြန်မာတို့ပြည် တည်ရှိ၏...။

* မှတ်တမ်းထဲမှာ၊ အာရှပစိဖိတ်အမွေအနှစ်
နှစ်ခုဖြစ်ခဲ့၊ တစ်က အာနန္ဒစန္ဒြား
ထင်ရှားကျောက်စာတိုင်၊ ပြည်ရခိုင်ဝယ်
မဏ္ဍိုင်သဖွယ် တည်ရှိ၏...။

* နောက်တစ်ခုမှာ၊ ကျောက်စာမဟုတ်
ရုပ်ရှင်မှတ်တမ်း၊ ဆန်းကြယ်ပိုင်ပိုင်
မြဂနိုင်လည်း၊ ကြွခိုင်ထင်ရှား တည်ရှိ၏...။

* ယခုအခါ၊ အတာသင်္ကြန်
ဓလေ့ဟန်ကို၊ စံနှင့်ညီကြောင်း၊ သက်သေလောင်းလျက်
အဖွဲ့ပေါင်းများစွာ၊ ပေါင်းစုပါလျက်
သာသနာယဉ်ကျေးမှု၊ ကြိုးပမ်းမှုဖြင့်
စတုဒိသာ၊ ကျွေးမွေးကာဖြင့်
အတာအိုးဓလေ့၊ ပျော်ရွှင်မွေ့လျက်၊
မမေ့နိုင်စရာ၊ သင်္ကြန်စာဖြင့်
နံ့သာသွေးတယ်၊ ရေသပ္ပာယ်လျက်
ဆိုမယ် ကမယ်၊ ပျော်ရွှင်ဖွယ်ဖြင့်
မောင်မယ်ရေပက်၊ သပြေခက်ဖြင့်
သက်ကြီးဘိုးဘွား၊ ဘုရားသွားလျက်
အသက်ငယ်အရွယ်လတ်၊ ကားဖြင့်ပတ်လျက်
မဏ္ဍပ်ဆောက်လတ်၊ ရေမပြတ်ဘဲ
တောရပ်မှာလေ၊ နွားလှည်းတွေဖြင့်
ရေပက်ခံကြ၊ ပျော်ရွှင်ကြဖြင့်
အားရပျော်ပြီး၊ သက်ကြီးပူဇော်
ခေါင်းလျှော်လက်သည်းညှပ်၊ ထူးမြတ်ကုသိုလ်
ထိုထို သက်လွတ်ပွဲ၊ ဆင်ကာနွဲပြန်
ပျော်ပွဲသာမက၊ ပြည့်ဝအဓိပ္ပာယ်
ကုံလုံကြွယ်သား၊ နောင်မယ်ညီဘွား၊ ညီမများတို့
မှတ်သားရအောင်၊ သတိဆောင်လေ့
ကုန်းဘောင်မက၊ ခေတ်အင်းဝတွင်၊ အစပျိုးကြောင်း
ရှေးဟောင်းသမိုင်း၊ သက်သေနှိုင်းစရာ
ထုံ့ပိုင်းဆစ်ပြန်၊ ပြည်ပုဂံဝယ်
နံရံဆေးရေး ပြနိုင်၏...။

* ဤမျှရှေးကျ၊ လွန်လှပသည့်
မြန်မာ့ရိုးရာ၊ ထိုအတာကို
သေချာထိန်းရန်၊ ဤတာဝန်ကား
သာမန်မဟုတ်ကြောင်း၊ သက်သေလောင်းပေ့ါ
ကောင်းမြတ်စဉ်လာ၊ ရှိ၍သာလျှင်
ကမ္ဘာအဆင့်၊ ဂုဏ်ထည်ဝင့်ခဲ့
ဒြပ်မဲ့အမွေအနှစ်၊ နံပါတ်တစ်ရပြီ
ချစ်သောသင်္ကြန် ဂုဏ်ထည်ဘိ...။
လက်ဆင့်ကမ်းရန် တာဝန်ရှိ...။ ။

**စစ်တွေမေလတ်ဇံ**

(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင်ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ယူနက်စကိုဒြပ်မဲ့အမွေအနှစ်ညီလာခံတွင် မြန်မာ့ရိုးရာအတာအကြ်န်ပွဲတော်ကို မြန်မာနိုင်ငံအတွက် ပထမဆုံး ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရခြင်းအား ဂုဏ်ပြုရင်း ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသူအားလုံးအပေါ် ကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုစပ်ဆိုပါသည်။)

**သဇင်(FM)အသံလွှင့်အစီအစဉ်**
၁၁-၁၂-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

# ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်

**ဒေါက်တာသံလွင်ထွန်း (ကျန်းမာရေးဝန်ကြီးဌာန)**

ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဆောင်ရွက်နေရသောဝန်ထမ်းများသည် ပြည်သူများအပေါ် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ခြင်းသည် သက်ဆိုင်ရာအဖွဲ့အစည်း၏အရေးပါသော အဓိကမှတ်တိုင်ဖြစ်သည်။ ယနေ့ခေတ် လူမှုပတ်ဝန်းကျင်တွင် တစ်ဦးပေါ်တစ်ဦးစာနာတတ်ခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်းတို့သည် အဓိကလိုအပ်လျက်ရှိသည်။ ဤဆောင်းပါးသည် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့သည် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံမှုဖြစ်ပြီး ပြည်သူများအတွက် ကောင်းမွန်သော ရလဒ်ကောင်းများကို မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်သည်။

**ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်း**

ပြည်သူများအား ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၏ အဓိကအရေးပါမှုမှာ ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်။ ပြည်သူများအား ဝန်ဆောင်မှုပေးနေရသော ဝန်ထမ်းများသည် နွေးနွေးထွေးထွေးနှင့် လေးစားစွာဆက်ဆံခြင်းဖြင့် ပြည်သူတို့၏စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့နည်းစေပြီး ဘေးကင်းလုံခြုံမှုဖြစ်သည့် ပတ်ဝန်းကျင်ကိုဖြစ်ပေါ်စေသည်။ အဆိုပါယုံကြည်မှုရရှိရန်အရေးကြီးပြီး အပြန်အလှန်ဆွေးနွေးနိုင်ပြီး ကောင်းမွန်သော ဆက်သွယ်မှုကိုဖြစ်ပေါ်စေရန်အတွက် ဝန်ထမ်းများသည် ပြည်သူများ၏ အခြေအနေ အကြောင်းအရာအချက်အလက်များအား ပြည့်ပြည့်စုံစုံနားလည်သဘောပေါက်ရန်လိုအပ်သည်။

**ပြည်သူများ၏ စိတ်ကျေနပ်မှုရရှိရန် ဆောင်ရွက်ခြင်း**

ပြည်သူများစိတ်ကျေနပ်မှုရရှိခြင်းသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်အတွက် မရှိမဖြစ်လိုအပ်သောစံသတ်မှတ်ချက်တစ်ခုဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီမှုများသည် ပြည်သူများ၏ စိတ်ကျေနပ်မှုကိုရရှိရန် ပိုမိုစွမ်းဆောင်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဆောင်ရွက်နေရသောဝန်ထမ်းများသည် ပြည်သူများအား အချိန်ပေး၍ နားထောင်ပေးရန်၊ ရှင်းလင်းပြတ်သားစွာ ပြောကြားပေးရန်နှင့် ပြည်သူများ၏ လူမှုစီးပွားအတွက် စိုးရိမ်ပူပန်မှုများကို လျော့နည်းအောင်ဆောင်ရွက်ပေးခြင်းဖြင့် အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ခုကိုဖြစ်ထွန်းစေသည်။ အဆိုပါ စိတ်ကျေနပ်မှုသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်တစ်ခုကို ထင်ဟပ်စေရုံသာမက ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတစ်ခုလုံးကိုပါ သက်ရောက်မှုရှိသည်။ စိတ်ကျေနပ်မှုရှိသော ပြည်သူများသည် ၎င်းတို့၏နေ့စဉ်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းဖြစ်ထွန်းစေသည်။

**စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှု**

ပြည်သူလူထုအားဝန်ဆောင်မှုပေးရာတွင် စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုရှုထောင့်များအား လေ့လာသုံးသပ်လျှင် ၎င်းအကျိုးသက်ရောက်မှုများသည် ပြည်သူများ၏ လူမှုဘဝကောင်းမွန်ရေးအတွက် လွန်စွာအရေးကြီးလှသည်။ အထူးသဖြင့် ယနေ့ကြုံတွေ့နေရသော စိတ်ဖိစီးမှုဖြစ်စေသည့် ပတ်ဝန်းကျင်များတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့သည် ပြည်သူများ၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့ပါးသက်သာစေသည်။ စိတ်ပိုင်းဆိုင်ရာ ဖေးမကူညီခြင်းဖြင့် ပြည်သူများ၏ မမျှော်လင့်နိုင်သော အခြေအနေတစ်ခုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအားကို မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုဘဝပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ထွန်းစေရေး အထောက်အပံ့ဖြစ်စေပြီး ပြည်သူများ၏စိတ်ကျန်းမာရေးကို ကောင်းမွန်လာစေသည်။

**ကျင့်ဝတ်ဆိုင်ရာလိုက်နာဆောင်ရွက်မှု**

ပြည်သူများအား အပြန်အလှန်အလေးထားမှုနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးထားပြီး ဆက်ဆံပေးရန်တာဝန်ရှိသည်။ သက်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည်။ အဆိုပါကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ၎င်းတို့ထိန်းသိမ်းစောင့်ရှောက်ရမည့် ကိုယ်ကျင့်တရားများကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူတစ်ဦးချင်းစီ၏ စိတ်ခံစားမှုကိုသာမက လူမှုပတ်ဝန်းကျင်စနစ်တစ်ခု၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ရာရောက်သည်။

**ကြုံတွေ့ရမည့်စိန်ခေါ်မှုများဖြေရှင်းခြင်း**

ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြုမူဆောင်ရွက်ပါက ကောင်းမွန်သောရလဒ်များရရှိသော်လည်း လက်တွေ့ဆောင်ရွက်ပေးရာတွင် အခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့ရလေ့ရှိသည်။ သို့ဖြစ်ပါ၍ လူမှုဆက်ဆံရေးကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် ဝန်ထမ်းများအား မွမ်းမံသင်တန်းများပို့ချခြင်း၊ သင့်တင့်မျှတသောဝန်ထမ်းများ ဖြည့်ဆည်းတာဝန်ပေးခြင်းနှင့် ကောင်းမွန်ပြီးပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်ဖြစ်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်း လူမှုဆက်ဆံရေးစွမ်းရည်တိုးတက်လာစေရန်အတွက်လည်းကောင်း၊ ပြည်သူများနှင့်သဟဇာတဖြစ်စေရန်အတွက်လည်းကောင်း အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ပြည်သူများအား ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြောဆိုဆက်ဆံခြင်းသည် ကောင်းမွန်သောလူမှုပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်စေရေးအတွက် မရှိမဖြစ်လိုအပ်သည်။ တစ်ဦးပေါ်တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုကို တည်ဆောက်ခြင်းဖြင့် ပြည်သူများ၏စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှလုံးချမ်းသာသုခကိုရရှိစေသည်။ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် လူမှုပတ်ဝန်းကျင်တွင် ကရုဏာတရားလက်ကိုင်ထား၍ ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော အလေ့အကျင့်ကိုဖြစ်စေသည်။ ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ကို လက်ကိုင်ထားပြီး ပြည်သူတစ်ဦးချင်းစီ၏အတွေ့အကြုံခံစားမှုများအား တန်ဖိုးထားကာ ပြည်သူလူထု၏ လူမှုဘဝရှုထောင့်အမျိုးမျိုးမှနေ၍ အထောက်အပံ့ဖြစ်စေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**❖ ပြည်သူများအား ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြောဆိုဆက်ဆံခြင်းသည် ကောင်းမွန်သော လူမှုပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်စေရေးအတွက် မရှိမဖြစ်လိုအပ်၊ တစ်ဦးပေါ်တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုကိုတည်ဆောက်ခြင်းဖြင့် ပြည်သူများ၏စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှလုံးချမ်းသာသုခကိုရရှိစေ . . .**

## ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်ငယ်လုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင်အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၃၆ ဦးကို ချေးငွေကျပ် ၁၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၁၆ ဦးကို ချေးငွေကျပ် ၄ ဒသမ ၉၀ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်သူ ၁၁ ဦးကို ချေးငွေကျပ် ၃ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူနှစ်ဦးကို ချေးငွေကျပ် သုည ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုလေး**

## ထောပတ်သီးများစတင်ခူးဆွတ်ရောင်းချချိန် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**ပင်းတယ ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်၌ ထောပတ်သီးများ စတင်ခူးဆွတ်ရောင်းချချိန် အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ထောပတ်သီးစိုက်ပျိုးရောင်းချသည့်တောင်သူများ မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပြီး ဒေသနှင့်ကိုက်ညီသော သီးပင်၊ စားပင်နှင့် ပန်းပင်များအား မျိုးကောင်းမျိုးသန့်များရရှိရန်အတွက် စိုက်ပျိုးရေးနည်းပညာများအသုံးပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် စနစ်တကျ စိုက်ပျိုးလျက်ရှိရာ ထောပတ်သီးပင်များအား မိမိတို့နေအိမ်ခြံဝင်းများအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများရှိသကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးကေအများအပြား စိုက်ပျိုးကြသူများလည်းရှိသည်။

ထိုသို့စိုက်ပျိုးကြရာတွင် တောင်ပေါ်ဒေသများဖြစ်သည့် မဲနယ်တောင်ကျေးရွာ၊ ပန်းစစ်ကျေးရွာ၊ ဆီးကျအင်းကျေးရွာနှင့် အခြားသောတောင်ပေါ် ဒေသများတွင် မတ်လပိုင်းမှ စတင်ခူးဆွတ်ရောင်းချကြရပြီး မြေပြန့်ဒေသများ၌ စိုက်ပျိုးထားသည့် ထောပတ်သီးများအား ဒီဇင်ဘာလအတွင်း ခူးဆွတ်ရောင်းချကြရကြောင်း သိရသည်။

ပင်းတယမြို့နယ်မှ ထွက်ရှိသော ထောပတ်သီးများကို ရန်ကုန်၊ တာချီလိတ်နှင့် အခြားမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဆင်းငါးလုပ်ငန်းစခန်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာနှင့် အိုင်စောက်ကျေးရွာအကြား ရာဂိမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေဆင်းဆည်ရေသောက်စနစ် လက်ယာ (၂)မြောင်းမကြီး ပေတိုင်- ပေ ၂၉၅၀၀ မှ ၃၅၉၉၀ အတွင်း ရေပေးမြောင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး ပင်လောင်းလမ်းဆုံ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ/ယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေးပြီး ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ပြည်ထောင်စုနယ်မြေ ရေဆင်းငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး ရေဆင်းငါးလုပ်ငန်းစခန်း ငါးမွေးမြူရေးကန်များ၊ ငါးသားဖောက်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ သန်းဝင်ရောက်ခဲ့

**ပဲခူး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၉ ရက် မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်တိုးခြင်းတစ်ခု၊ မြန်မာနိုင်ငံသားကုမ္ပဏီနှစ်ခုမှ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် နှစ်ဘီး၊ သုံးဘီးတပ်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းနှစ်ခု၊ မတည်ရင်းနှီးငွေပမာဏတိုးမြှင့်ခြင်းလုပ်ငန်းတစ်ခု၊ လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းလုပ်ငန်းတစ်ခုနှင့် တည်ဆောက်ရေးကာလတိုးမြှင့်ခြင်းလုပ်ငန်းတစ်ခုတို့၏ လုပ်ငန်းအမှုတွဲများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းဇယားအချက်အလက်များမှန်ကန်စေရေးနှင့် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အမှုတွဲတစ်ခုချင်းအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၆ သန်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၄ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၁၄၀ ဦး ဖန်တီးပေးနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၈၀၂ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၁၀၆၈၄၃ ဒသမ ၈၃၂ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၂၈၅၇ ဦး ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)




# ပုသိမ်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကွင်းဆင်းအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ စက်မှုစီမံကိန်းခန်းမ၌ အလုပ်ရှင်၊ မန်နေဂျာနှင့် အထည်ချုပ်လုပ်သားများကိုတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလုပ်သမားရေးရာကိစ္စနှင့်စပ်လျဉ်းပြီး သိရှိလိုသည်များကို ဝန်ကြီးဌာနရှိဦးစီးဌာန၊ အဖွဲ့များသို့ အချိန်မရွေးဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ အလုပ်ရှင်၊ အလုပ်ရှင်ကိုယ်စားလှယ် (မန်နေဂျာ)နှင့် အလုပ်သမားများ အနေဖြင့် လုပ်ငန်းခွင်အတွင်း ဆောင်ရန်၊ ရှောင်ရန်အချက်များကိုသိရှိထားရန်လိုပြီး အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် Dong Long (Pathein) Garmentı Harkers Enterprise Myanmar Co.,Ltd. နှင့် Huabo Times Textile and Clothing Co.,Ltd. စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုအားပေးပြီး လုပ်သားများနှင့် ရင်းနှီးစွာတွေ့ဆုံအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အလုပ်ရှင်၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် လုပ်သားအားလုံး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများသည် အလုပ်သမားရေးရာဥပဒေများနှင့်အညီ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်၍ လုပ်သားများသက်သာချောင်ချိမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်စေတနာထားပြီး ယုံကြည်မှုရှိရှိဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် ဌာနေကိုယ်စားလှယ်အသစ်တို့ကို ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အသစ် Mr. Arnaud de Baecque တို့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုမြင်ကွင်းပုံရိပ်များ




ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အမျိုးသမီးမီတာ ၁၀၀x၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဂျူဒို KATA ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




**အမည်ပြောင်း**

ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ ပန်လီရွာ အထက်တန်းကျောင်းခွဲ Grade-4 တွင် တက်ရောက်နေသော အဘ ဦးအောင်ကြီးမောင်၏သား မောင်မှူးခန့်သီဟအား မောင်မြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြတ်ဘုန်းခန့်**

**ပျောက်ဆုံးကြောင်း**

ဦးခင်ဦး(ဘ)ဦးတီး ၁၀/မလမ(နိုင်) ဝ၈၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းတံတား ဒါယိကာမကြီး**

**ဒေါ်နွယ်နွယ်ဦး**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးမြ-ဒေါ်လှလှ)တို့၏သမီး၊ (ဦးသန်းအောင်)-ဒေါ်သန်းသန်းဆွေတို့၏ချွေးမ၊ ဗိုလ်ချုပ်အောင်ရဲဝင်း(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်လရောင်ဝင်း၏မိခင် ဒေါ်နွယ်နွယ်ဦး အသက်(၅၉)နှစ်သည် ၁၀-၁၂-၂၀၂၄ ရက်(အင်္ဂါနေ့)နံနက်(၀၆:၃၀)နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမိသားစု**

**ပျောက်ဆုံးကြောင်း**

နော်ဖော့ဘလုထူး(ဘ)ဦးနေမျိုးအောင် ၁၄/သပန(နိုင်)၁၇၉၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 494706)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၀၄၂၀၉၂

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ ရှိုင်းထက်အောင်(ဘ)ဦးတင့်လွင် ၁၄/ဟသတ(နိုင်) ၃၆၈၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၆၁၈၅၀၅

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ စိုးမင်းဌေး(ဘ)ဦးဟန်ဌေး ၁၄/ဟသတ(နိုင်) ၀၄၈၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၉၆၉၆၀၀

**ပျောက်ဆုံးကြောင်း**

လမင်းနွယ်(ဘ)ဦးအောင်ထွန်းညွန့် ၈/အလန(နိုင်)၁၉၉၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 730444)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မောင်မိုးမြင့်သာ(ဘ)ဦးဉာဏ်ထွန်း ၁၀/သထန(နိုင်) ၂၅၃၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**

နေမျိုးနိုင်(ဘ)ဆန်းဦး ၃/ဘအန(နိုင်) ၄၆၃၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်ထက်(ဘ)ဦးမင်းသိန်း ၇/သဝတ(နိုင်)၁၆၀၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ခင်ခင်နွဲ့(ဘ)ဦးပါစု ၁၂/ဥကမ(နိုင်) ၁၅၂၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 727377)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဝင်းထွန်းဇော်(ဘ)ဦးဇော်မင်းဦး ၈/သရန(နိုင်) ၁၀၂၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 577879)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်နေ ၈/တတက(နိုင်)၁၆၅၃၈၁ ကိုင်ဆောင်သူ ဦးအောင်ကောင်းပြည့်၏သား အမည်မှန်မှာ မွေးစာရင်းအရ မောင်သွင်ထူးသန့်ဖြစ်ပါကြောင်း။ **မောင်သွင်ထူးသန့်**

**ပျောက်ဆုံးကြောင်း**

ဝါဝါကျော်(ဘ)ဦးကျော်သောင်း ၈/တတက(နိုင်)၂၀၆၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၉၄၆၂၄၃

**ပျောက်ဆုံးကြောင်း**

မငုဝါခိုင်(ဘ)ဦးစိန်ဝင်း ၁၄/ကခန(နိုင်) ၀၉၈၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 275653)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မျိုးမြတ်သူ(ဘ)ဦးလွင်ဦး ၁၄/ဖပန(နိုင်) ၂၂၂၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၂၉၉၃၉၉

**ပျောက်ဆုံးကြောင်း**

စွမ်းထက်နိုင်(ဘ)ဦးသန်းလွင် ၁၂/မဂဒ(နိုင်) ၁၇၇၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 654726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၈၂၀၀၅၀

**ပျောက်ဆုံးကြောင်း**

ဇော်ဇော်ဦး(ဘ)ဦးအေးဝင်းကြူ ၁၂/ကခက(နိုင်)၀၇၆၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 337937)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၅၄၇၃၄၅

**ပျောက်ဆုံးကြောင်း**

ဇင်ဝေထွန်း(ဘ)ဦးယာမိုး ၁၂/အစန(နိုင်) ၂၀၄၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 430542)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၆၀၅၆၁၄

**ပျောက်ဆုံးကြောင်း**

ဝေမင်းသူ(ဘ)ဦးလှဝင်း ၁၂/ရကန(နိုင်) ၀၈၀၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၉၀၀၅၃၆

**ပျောက်ဆုံးကြောင်း**

နီလာခိုင်(ဘ)ဦးသက်ထွန်း ၁၂/လသယ(နိုင်)၀၅၄၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 011071)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၄၆၀၄၉၂၀

**ပျောက်ဆုံးကြောင်း**

ဝေါမြို့နယ်၊ ညောင်ခါးရှည်ရွာနေ ဦးခင်မောင်ထွေး(ဘ)ဦးစန်းတင် ၇/ဝမန(နိုင်)၀၈၀၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ သူရဲတန်းကျေးရွာနေ ဒေါ်ဖြိုးဖြိုးကျော်(ဘ)ဦးကျော်သန်း ၇/ပတန(နိုင်)၁၀၇၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၄၀၃၂၅၄

**ပျောက်ဆုံးကြောင်း**

ထားဝယ်မြို့၊ ဘုမွှော်ရပ်နေ ဘဘကြီး(ဘ)ဦးလီဘွန်ဂျမ် ၆/ထဝန(နိုင်) ၀၀၆၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(125772)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၁၉၀၉၁၄

**ပျောက်ဆုံးကြောင်း**

ဝေါမြို့နယ်၊ မြစ်ကျိုးရွာနေ ကိုအောင်မျိုးဝင်း(ဘ)ဦးသိန်းအေး ၇/ဝမန(နိုင်) ၁၀၃၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**

ဖျာပုံမြို့နယ်၊ ချောင်းတွင်းအုပ်စု၊ ကြားစုရွာနေ မသဲအိဇော်(ဘ)ဦးစိုးလွင် ၁၄/ဖပန(နိုင်)၂၂၆၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 920714)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၃၈၄၉၃၄

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ မယင်းကျေးရွာနေ မကေဇင်မိုး(ဘ)ဦးသက် ၇/ပခန(နိုင်)၄၅၈၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

တောင်ငူမြို့၊ (၂၀)ရပ်ကွက်နေ သီတာဝင်း(ဘ)ဦးဝါဝင်း ၈/မကန(နိုင်)၁၅၅၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၉၆၂၈၇၃

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အနောက်လယ်ရပ်နေ မခင်ဒရာမာ(ဘ)ဦးမောင်မောင် ၁၂/သဃက(နိုင်) ၀၄၄၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 259400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၇၃၉၀၅၈၇

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ပန်းတင်အင်းရွာနေ ဒေါ်နှင်းယုလွင်(ဘ)ဦးတင်ဖေ ၆/လလန(နိုင်)၀၇၇၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 608833)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၃၀၅၁၀

**ပျောက်ဆုံးကြောင်း**

ဖြူးမြို့၊ အင်ကြင်းကုန်းရွာနေ ဝင်းကျော်ဦး(ဘ)ဦးအုန်းမြင့် ၇/ဖမန(နိုင်) ၁၅၃၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ကမ်းနီကျေးရွာနေ ညိုညိုစန်း(ဘ)ဦးချိုလေး ၇/ပခန(နိုင်)၃၈၀၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်နေ စိုင်းမောင်မောင်(ဘ)ဦးအောင်နိုင် ၇/ဝမန(နိုင်)၁၃၀၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သဲကုန်းမြို့နယ်၊ ကင်းသန်းရွာနေ စွမ်းရည်ထက်(ဘ)ဦးလှငွေ ၇/သကန(နိုင်)၁၂၇၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၉၆၂၈၇၃

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ရှမ်းရွာကြီးနေ အေးမာခိုင်(ဘ)ဦးခင်မောင် ၇/ဝမန(နိုင်)၄၂၃၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(AA 123456)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၇၃၁၈၆၉

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ဘုရားကြီး၊ အမှတ်(၃)ရပ်ကွက်နေ နိုင်လင်းထွေး(ဘ)ဦးစိုးနိုင် ၇/ပခန(နိုင်)၅၁၄၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ပြည်မြို့၊ ခေတ္တရာမြို့သစ်နေ ဝေဇင်အောင်(ဘ)ဦးစိုးသိန်း ၇/ပမန(နိုင်) ၂၂၀၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

တောင်ငူမြို့နေ ယမုံဖူး(ဘ)ဦးတင်အောင်မိုး ၇/တငန(နိုင်)၁၈၆၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်ဖြည့်စွက်ခြင်း**

ပဲခူးတိုင်းဒေသကြီး၊ အထက(ဥက္ကံ)ကျောင်း၊ ဘုရားကလေးကျေးရွာမှ ဒုလယ်ပြ ဒေါ်ဇာဇာစိုး ၇/ပခန(နိုင်) ၂၆၆၄၄၀ ၏ ဖခင်အမည်အား ဦးဆန်းသစ်(ခ)ဦးစန်းသစ်ဖြစ်ပါကြောင်း။

**ဦးဆန်းသစ်(ခ)ဦးစန်းသစ်**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ နတ်ရှင်နောင်ရပ်ကွက်၊ အမှတ် ၃ လမ်းနေ ဦးမြင့်ရှိန်+ဒေါ်တင်မြင့်တို့၏သမီး မညိုညိုဝင်း ၇/တငန(နိုင်)၁၄၃၁၅၃ သည် မိဘ၏ဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဖခင် ဦးမြင့်ရှိန်/ကေတုမတီမြို့သစ်**

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့နယ်၊ ကုက္ကဲအုပ်စု၊ သညက္ကံကျေးရွာနေ သက်ဇော်ဦး(ဘ)ဦးလှဌေး ၉/မခန(နိုင်)၁၉၉၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 382163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၃၂၄၅၉၇

**ပျောက်ဆုံးကြောင်း**

ဒဂုံဆိပ်ကမ်း၊ (၈၇)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၅၇၉)နေ မေဇွန်(ဘ)ဦးစိန်ဌေး ၁၂/ဒဂဆ(နိုင်)၀၃၄၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 938644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၁၆၀၆၃၃

**ပျောက်ဆုံးကြောင်း**

သီတာမြင့်(ဘ)ဦးထွန်းအောင် ၁၃/သပန(နိုင်)၀၃၃၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၆၆၄၆၆

**ပျောက်ဆုံးကြောင်း**

အောင်သိန်းဇော်(ဘ)ဦးသောင်းညွန့် ၁၂/သဃက(နိုင်)၀၀၄၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 867404)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၀၅၆၃၄၃

**ပျောက်ဆုံးကြောင်း**

နေယံ(ဘ)ဦးတင်ဝင်း ၈/ခမန(နိုင်)၁၅၉၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၃၂၇၉၈၃

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ (င)တန်း၊ မြေကွက်အမှတ်(၇)၊ ဒေါ်ကြင် အမည်ပေါက် (အလျား ၃၀'-၀" x အနံ ၃၀'-၀")မြေကွက်ပေါ်တွင် ဒေါ်အေးအေးမော်(၉/မခန(နိုင်)၁၄၁၈၆၈)ကိုင်ဆောင်သူမှ (အလျား ၂၅'-၀" x အနံ ၂၅'-၀")Iron Frame(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၃)၊ ပြန်လည်ထူထောင်ရေးလမ်း၊ အနောက်ဘက်ခြမ်း ဘိုးဘွားပိုင်မြေ(အလျား ၄၀'-၀" x အနံ ၁၀၀'-၀")အနက်မှ(အလျား ၂၀'-၀" x အနံ ၁၀၀'-၀") ဝိုင်းမြေ ဦးတင်ငွေအမည်ပေါက်ဝိုင်းမြေပေါ်တွင် ဒေါ်မာမာသီ(၉/မခန(နိုင်)၁၄၅၉၉၄)ကိုင်ဆောင်သူမှ(အလျား ၁၂'-၀" x အနံ ၃၅'-၀")RC(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အမည်မှန်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ကနာကျေးရွာ၊ (၇)ရပ်ကွက်၊ အမှတ် ၂၇၅ နေ မှတ်ပုံတင်အမှတ် ၁၀/ခဆန(နိုင်)၁၂၇၀၂၅ ကိုင်ဆောင်သော ဒေါ်မိသင်းစံပယ်ခိုင်နှင့် ဒေါ်မိသင်းစပယ်ခိုင်အမည်နှစ်ခုမှာ တစ်ဦးတည်းဖြစ်ပြီး ဒေါ်မိသင်းစံပယ်ခိုင်မှာ အမည်မှန်ဖြစ်ကြောင်းနှင့် ၎င်း၏မိခင်မှတ်ပုံတင်အမှတ် ၁၀/ခဆန(နိုင်)၀၃၂၇၈၂ ကိုင်ဆောင်သော ဒေါ်အုန်းခိုင်နှင့်ဒေါ်အုံးခိုင်အမည်နှစ်ခုမှာ တစ်ဦးတည်းဖြစ်ပြီး ဒေါ်အုန်းခိုင်မှာ အမည်မှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိသင်းစံပယ်ခိုင်၊ ဒေါ်အုန်းခိုင်**

